# ရေတွင် ဘက်တီးရီးယားပိုး ပါဝင်မှု စစ်ဆေးရန်အတွက်ရေနမူနာယူခြင်း


ရေတွင် ဘက်တီးရီးယားပိုး ပါဝင်မှု စစ်ဆေးနိုင်ရန်အတွက် အမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးရာတွင် သတ်မှတ်ချက်များနှင့်အညီ ပေးပို့စစ်ဆေးရပါမည်။


- အမျိုးသားကျန်းမာရေးဓါတ်ခွဲမှု ဆိုင်ရာဌာန မှ ပိုးသန့်စင်ထားသော ပုလင်းကိုတောင်းယူရပါမည်။
- ရေနမူနာ ရယူရန်အတွက် အမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာဌာနမှ ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရေနမူနာကို ရယူရပါမည်။

**ရေနမူနာယူခြင်း**

**ဘုံဘိုင်ခေါင်း (သို့) တုံကင်ပိုက် (သို့) အဂီစီတွင်းမှ ရေ နမူနာယူခြင်း**


- ပိုက်ခေါင်းတွင်ရေမဝင်ရန် တပ်ထားသောပစ္စည်းများ၊ ပလတ်စတစ်ပိုက်များရှိပါက ဖြုတ်ပစ်ပါ။
- ပိုက်အဝကိုသန့်ရှင်းသော အဝတ်ဖြင့် ဖုန်များကင်းစင်အောင်သုတ်ပါ။
- ရေအားအပြည့်ဖြင့် ၁-၂ မိနစ်ခန့် ဖွင့်ထားပါ။
- ရေကိုပြန်ပိတ်၍ဘုံဘိုင်ခေါင်း (သို့) ပိုက်အဝကို အရက်ပျံ ဆွတ်ထားသော ဂွမ်းမီးဖြင့်ရှို့ပါ။ ဂက်စ်မီးခြစ်ကိုလည်း အသုံးပြုနိုင်ပါသည်။
- ရေအားကိုအတော်အသင့် အနေအထားတွင် ၁-၂ မိနစ်ခန့် ဖွင့်ထားပါ။
- နမူနာယူမည့် ပုလင်းအဖုံးကိုဖွင့်၍နမူနာယူမည့် ရေကို ပုလင်း၏ ၃/၄ ခန့်ဖြည့်ပါ။ အဖုံးကိုဖွင့်ပီးလျှင် အဖုံးကို ကာကွယ်ထားသော စက္ကူနှင့်အတူမှောက်လျက်အနေအထားဖြင့်ကိုင်ပါ။
- ရေဖြည့်ပီးပါက အဖုံးကိုသေချာစွာပြန်ပိတ်ပါ။







**အိုင်၊ကန်၊မြစ်၊ချောင်းမှ ရေနမူနာယူခြင်း**

- ပုလင်းကို အဖုံးဖွင့်ပါ။
- ပုလင်းကိုအောက်ဖက်မှကိုင်၍ရေမျက်နှာပြင်အောက် ၂၀ စင်တီမီတာ အနက်အထိ ပုလင်းအဝကို အနည်းငယ် အပေါ်သို့ မော့၍ချပါ။ရေစီးရှိသောနေရာဖြစ်ပါက ရေစီးဖက်သို့ မျက်နှာမူပါ။
- ထို့နောက် လိုအပ်သောရေပုလင်းအတွင်းသို့ ဝင်ပြီးပါကပုလင်းအဖုံးကိုပြန်ပိတ်ပါ။



**ရေတွင်း (သို့) ရေသိုလှောင်ကန်မှ ရေနမူနာယူခြင်း**

- ပုလင်းကိုကြိုးချည်ပါ၊ ကြိုးသည် အနည်းဆုံး ၂ဂမီတာခန့်ရှိရမည်။ ပုလင်းအောက်ခြေ၌ ကျောက်ခဲဆွဲပါ။
- ပုလင်းအဖုံးကိုဖွင့်၍ပုလင်းကိုနှစ်ချပါ။
- ရေအောက်သို့ အနည်းဆုံး ၃ဂ စင်တီမီတာခန့် မြုပ်အောင်နှစ်ပီးမှ ရေယူပါ။
- ရေပုလင်းကိုပြန်ဆယ်ရာတွင် ရေတွင်းဘေးနံရံနှင့် မထိရန် သတိပြုပါ။
- ပုလင်းအဖုံးကိုပြန်ပိတ်ပါ။




မှတ်ချက်။ ရေနမူနာယူပြီး (၂) နာရီအတွင်း အမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာဌာနသို့ ရောက်အောင်ပို့ပါ။ မရောက်နိုင်ပါက ရေခဲဘူးဖြင့် ပို့ပါ။ရေနမူနာယူချိန်မှ စ၍(၂၄)နာရီအတွင်း အမျိုးသားကျန်းမာရေး ဓါတ်ခွဲမှုဆိုင်ရာဌာနသို့ မရောက်နိုင်ပါကစမ်းသပ်ရန်မသင့်လျော်ပါ။